ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
စာအမှတ်.......
ရက်စွဲ.......
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၂၆၆ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက် )

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းချုပ် ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၁၅ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၁ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၁၂ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်၊ စုစုပေါင်း မဲဆန္ဒနယ် ၁၁၁၇ နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ကြေညာပေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ၉-၁၁-၂၀၂၀ ရက်နေ့မှ ၁၅-၁၁-၂၀၂၀ ရက်နေ့အထိ ကြေညာချက်အမှတ် (၂၀၆/၂၀၂၀) မှ ကြေညာချက်အမှတ် (၂၆၄/၂၀၂၀) အထိ ကြေညာချက် ၅၉ စောင်ဖြင့် ထပ်ဆင့်ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီကိုယ်စားပြု / တစ်သီးပုဂ္ဂလကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်အလိုက် အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်-

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | စုစုပေါင်း |
|---|---|---|---|---|---|---|
| (က) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ | ၁၃၈ | ၅၀၁ | ၂၃ | ၉၂၀ |
| (ခ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၈ | - | ၇၁ |
| (ဂ) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ ချုပ်ပါတီ | ၁၃ | ၂ | ၂၇ | - | ၄၂ |

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | စုစုပေါင်း |
|---|---|---|---|---|---|---|
| (ဃ) | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | - | ၁၅ |
| (င) | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၁၂ |
| (စ) | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ |
| (ဆ) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | - | ၁၁ |
| (ဇ) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၃ | - | ၈ |
| (ဈ) | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | - | ၃ | - | ၄ |
| (ည) | ရခိုင့်ဦးဆောင်ပါတီ | ၁ | - | ၂ | - | ၃ |
| (ဋ) | ‘ဝ’ အမျိုးသားပါတီ | ၁ | - | ၂ | - | ၃ |
| (ဌ) | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| (ဍ) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ | - | ၂ |
| (ဎ) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| (ဏ) | ဒီမိုကရေစီပါတီသစ် (ကချင်) | - | ၁ | ၁ | - | ၂ |
| (တ) | ကယန်းအမျိုးသားပါတီ | - | - | - | ၁ | ၁ |
| (ထ) | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | ၁ |
| (ဒ) | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | ၁ |
| (ဓ) | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ | - | ၁ |
| (န) | တစ်သီးပုဂ္ဂလ | - | - | ၂ | ၂ | ၄ |
| | စုစုပေါင်း | ၃၁၅ | ၁၆၁ | ၆၁၂ | ၂၉ | ၁၁၁၇ |

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အထက်အပိုဒ် ၃ ပါ နိုင်ငံရေးပါတီ ၁၉ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ၁၁၁၃ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ၄ ဦးတို့ကို ရွေးကောက် တင်မြှောက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်